ဩစတြေးလျအစိုးရ၏ Code of Behaviour နှင့် Bridging Visas

အကယ်၍ သင့်တွင် Bridging Visa E (ပေါင်းကူး ဗီစာ - အီး) ရှိလျှင် သို့မဟုတ် ၄င်း ဗီစာကို ရရှိရန် ရှိလျှင် ဩစတြေးလျအစိုးရ၏ Code of Behaviour (အပူအကျင့် ဆိုင်ရာ ကျင့်ဝတ် စည်းမျဉ်း) ကသင့်အတွက် အရေးကြီးပါသည်။

Code of Behaviour သည် သင်ကဩစတြေးလျ ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်း ကတိပေးမှု တစ်ရပ်ဖြစ်ပါသည်။ ဤ အချက်အလက် စာရွက်က Code of Behaviour အရ သင်၏ ဥပဒေ ဆိုင်ရာအခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကို ရှင်းပြပေးပါသည်။

Code of Behaviour
for Subclass 050 Bridging (General)
visa holders

(Burmese)

Code of Behaviour - ဥပဒေဆိုင်ရာ အချက်အလက်များ

Code of Behaviour ဆိုသည်မှာ ဘာပါလဲ။

Code of Behaviour သည် သင်ကဲြစတြေးလျ ဥပဒေများနှင့် စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်း ကတိပေးမှု တစ်ရပ် ဖြစ်ပါသည်။ သင်လက်မှတ်ထိုးရမည့် ပုံစံတစ်စောင်ဖြစ်ပါသည်။ Bridging Visa E* ရရန် သို့မဟုတ် သက်တမ်းတိုးရန် သင်က Code of Behaviour ကိုလက်မှတ်ထိုးရမည်ဖြစ်ပါသည်။ Code of Behaviour က ဤ ပုံစံ ကဲ့သို့ဖြစ်ပါသည်။


Australian Government
Department of Immigration and Border Protection

Code of Behaviour
for Subclass 050 Bridging (General) visa holders

Form 1443

**အကယ်၍ သင့် တွင်မည်သည် ဗီစာရှိသည်ကို သင်မသိပါက Department of Immigration and Border Protection ကို မေးမြန်းပါ။ သို့မဟုတ် ၎င်းကိစ္စနှင့်ပတ်သက်ပြီး သိရှိရန် သင်၏ ကိစ္စကိုကိုင်တွယ်သောဝန်ထမ်း "ကေးစ်ပါကာ" ကို အကူအညီတောင်းပါ။*

အကယ်၍ ဤနိုင်ငံ သြစတြေးလျ ဥပဒေများနှင့် စည်းကမ်းများကို မသိပါက ဘာဖြစ်မည်နည်း။

သြစတြေးလျ နိုင်ငံ တွင် ဥပဒေများနှင့် စည်းကမ်းများ အများအပြားရှိပါသည်။ သြစတြေးလျရှိ လူအားလုံးက ၎င်း ဥပဒေများနှင့် စည်းကမ်းများကို လိုက်နာရမည် ဖြစ်ပါသည်။ ဥပဒေ၏အောက်တွင် လူတိုင်း အဖို့ ရပိုင်ခွင့် များရှိပါသည်။

ဘယ်ဥပဒေများကို သင်လိုက်ရမည်ဆိုသည်ကို သိရန်မှာ သင်၏အပေါ်တွင်သာမူတည်ပါသည်။ မမျှတဘူးဟုထင်ရပေမည့် - ဥပဒေကို မသိ၍ ကျူးလွန် မိပါသည် - ဆိုသည့် ဆင်ခြေ ဖြင့် အပြစ်မလွတ်ပါ။ သင့်အနေဖြင့် လိုအပ်ပါက ဥပဒေ အချက်အလက်များ နှင့် အကူအညီကို အခမဲ့ ရရှိနိုင်သည့် ဝန်ဆောင်မှု လုပ်ငန်းများကို ဤ အချက်အလက် စာရွက် အောက်ဆုံး တွင်ဖေါ်ပြထား ပါသည်။

အကယ်၍ ဤနိုင်ငံ ဥပဒေများကို မလိုက်နာပါက ဘာဖြစ်မည်နည်း

ဤသည်က Code of Behaviour ကိုသင်ဖေါက် ဖျက်ခဲ့ရာကျပြီး Department of Immigration က သင်၏ ဗီစာကို ဖျက်သိမ်းနိုင်ပါမည်။

အောက်ပါဥပဒေ များကို သင်ဖေါက်ဖျက်ပါကလည်း Department of Immigration က သင်၏ ဗီစာကို ဖျက်သိမ်းနိုင်ပါမည်။

- သင် အန္တရာယ် ရှိစွာ ကားမောင်းခြင်း။ သင်၏ကား ကို အန္တရာယ်ကင်းစွာမောင်းနှင် နိုင်ရန် မပြုလုပ် ထားခြင်း။
- သင်တစ်စုံတစ်ဦးကို ထိခိုက်နာကျင်စေခြင်း၊ သို့မဟုတ် အခြားသူများကို ပြင်းထန်စွာ အကြမ်းပြုခြင်း။

သင်အောက်ပါတို့ကို ပြုလုပ်ပါကလည်း Department of Immigration က သင်၏ ဗီစာကို ဖျက်သိမ်းနိုင်ပါမည်။

- အများပြည်သူ လုံခြုံမှုမရှိဟုခံစားရရန်ပြုလုပ်ခြင်း။
- ဌာနက လုပ်ခိုင်းသည်ကိုမလုပ်ခြင်း - ဥပမာ ချိန်းဆိုထားသည်ကိုမသွားခြင်း။

ဤနိုင်ငံ၏ ဗီစာကိုဖျက်သိမ်း ခံရပါက ဘာဖြစ်မည်နည်း။

သင်၏ဗီစာ ကိုမဖျက်သိမ်းခင် ဌာန မှ သတိပေး ချက် သို့မဟုတ် ဗီစာ အခြေအနေအချို့ ပြောင်းလဲမှု များ ပေးနိုင်ပါသည်။

ပေါင်းကူးဗီစာ ဖျက်သိမ်းခံရပါက သင်သည် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းကို သွားကောင်း သွားရပါမည်။

Code of Behaviour နှင့်ပတ်သက်ပြီး ဤနိုင်ပိုမို သိနိုင် ပါသလား။

သင်ဘာလုပ်ရမည်ကို သင်မသိပါက သင်၏ "ကေးစ်ပါကာ" ကို အကူအညီတောင်းခံပါ။ အကယ်၍ Code of Behaviour နှင့်ပတ်သက်ပြီး မေးစရာရှိပါက သင်၏ "ကေးစ်ပါကာ" ကို ဘယ်မှာ အချက်အလက်များရရှိ နိုင်ကြောင်း မေးပါ။ သို့မဟုတ် အောက်ပါ ဝန်ဆောင်မှု လုပ်ငန်းများ ကိုဆက်သွယ်ပါ။

ဥပဒေအကျိုးဆောင်မှ ဤနိုင်ကို ကူညီနိုင်မည်လား။

အကယ်၍ အောက်ပါအခြေအနေများတွင် သင်အကူအညီအခမဲ့ရနိုင်ပါသည်။

- ဥပဒေနှင့်ပတ်သက်ပြီး သင်ဒုက္ခရောက်နေလျှင် သို့မဟုတ်ဒုက္ခရောက်နေသည်ထင်လျှင်။
- သင်၏ဗီစာ သက်တမ်းကုန်ခါနီးဖြစ် ပြီးသင်ယခင်က ဒုက္ခရောက်ခဲ့လျှင်။
- ဌာနကသင်၏ဗီစာကို ဖျက်သိမ်းမည်ဟုသင်ထင်လျှင်။
- သင်၏ဗီစာကိုဖျက်သိမ်းရန် ရည်ရွယ်ကြောင်းသတိပေးစာရလျှင်။

ဥပဒေ ဝန်ဆောင်မှုလုပ်ငန်းများက

ရာဇဝတ်မှုနှင့် အခြား ဥပဒေ ပြဿနာများနှင့်ပတ်သက်ပြီးအကြံပေးနိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဥပဒေ အကြံဉာဏ်များ ဘယ်မှာရနိုင်သည်ကိုလည်းရှင်းပြနိုင်ပါ သည်။

ဥပဒေအကြံဉာဏ်များအမြန်ဆုံးရယူရန် အရေးကြီးပါသည်။ စောင့်မနေပါနှင့်။

အခမဲ့ ဥပဒေအချက်အလက်များနှင့် အကြံဉာဏ်များရရှိရန် အောက်ပါတို့ကိုဆက်သွယ်ပါ။

NT Legal Aid Commission 1800 019 343
www.ntlac.nt.gov.au

Cth Ombudsman 1300 362 072
www.ombudsman.gov.au

TIS ဘာသာပြန်များနှင့် စကားပြန်များ။

Translating and Interpreting Service (TIS) ကို 13 14 50 တွင်ဖုန်း ခေါ်ပြီး သင့်အတွက် ဥပဒေ ဝန်ဆောင်မှု ကိုဖုန်းခေါ်ပေးရန် စကားပြန်တောင်းပါ။ သင့်အားမှန်ကန်သော အကြံဉာဏ်ပေးနိုင်ရန် ဥပဒေ ဝန်ဆောင်မှု ကို သင်၏ဗီစာ အကြောင်းကိုပြောပါ။ အမြန်လိုအပ် ကြောင်းလည်းပြောပါ။